သန့်စကား ၁-၁၄

# သန့်စကား

ဝိညာဉ်ရေးဂျာနယ်

သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှာ ဤစကားကို ငါဟောပြောပြီ။ ယော ၁၆း၃၃

ဝရှတ်စဉ် ( ၁၄ ) ဧဗော်ပြိုဘာလ ၂၀၀၂ ခုနှစ် စမှုတ်နှ ( လစဉ် ပထမ ဆနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )

# အဆီးအတားတော်များ



ဗျာဒိတ်ကျမ်း သည် ကာလမကြာမမြင့်မီ ဖြစ်မည့် အရာများနှင့် နောင်ကာလ၌ ဖြစ်ရမည့် အရာတို့ကို ပြသသည့် ကျမ်းဖြစ်သည်။ (ဗျာဒိတ် ၄း၁၊ ဗျာဒိတ် ၁း၁)

ယခုနေ့ရက် ကာလသည် ဗျာဒိတ်တော်အတိုင်း ဖြစ်ပျက်နေပြီဖြစ်သည်။ ဘုရားသခင် က ယောဟန်အား မကြာမီဖြစ်မည့် အရှင်အရာများကိုသာ ပြသခဲ့ခြင်း ဖြစ် သည်။ ယခု ဘုရားရှင်သည်၊ ယောဟန်မှတဆင့် ကျွန်ုပ်တို့အား ဖွင့်ပြခဲ့သောအချက်များအား ဗျာ ၆း၁-၈ ကိုသာ အဓိကထား၍ ဝေငှပါမည်။

တရားစီရင်ပိုင်သော ဘုရားရှင်၏ လက်တော်မှ အဆီးအတားများဖြစ်သည်။ ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့သိခွင့်ရခဲ့ပါသည်။

<u>ဗျာ ၆း၂ – မြင်းဖြူ ၊ စီးသောသူသည် လေးတံ့တိုင်၏၊ သူ၌ သရဖူ တို့ပေးတော်မူ၏၊၊</u>

ကောင်းကင်နိုင်ငံမှ မြင်းများသည်။ လောကမြင်းများနှင့် မည်သို့မှ မဆိုင်ပါ။ အဆီးအတားမရှိ တန်ခိုးအာဏာသက်ရောက်နိုင်စွမ်းသော ဘုရားရှင်၏ အာဏာ ကိုသာ ညွှန်ပြကြောင်း ( ဟေရှာယ ၃၁း၃ ) အရ သိနိုင်ပါသည်။ တန်ခိုးတော် အာဏာတော်ဟုဆိုရမည်။ လေးကို ကိုင်သောသူသည် ဘုရင်ဖြစ်သည်။ ရှေးကာလ၌ ဘုရင်သည်၊ လေးကိုင်၏။ ( ၄ရာ ၁၃း၁၅၊ ဆာ ရး၁၃ ) သရဖူဟု ဆိုလျှင် ပို၍ပင် ရှင်းပါသည်။ သရဖူဆောင်းပိုင်သူနှင့် သူ၏ အာဏာဟု ဆိုလိုရင်းဖြစ်သည်။

ဘုရားရှင်ကိုယ်တိုင်က အုပ်စိုးစီရင်ခွင့် အနိုင်ယူပိုင်ခွင့်ကို အစိုးရမင်းများ၌ အပ်ပေးထားပြီးဟုဆိုပါသည်။

<u>ဗျာ ၆း၃-၄ မြင်းနီ ၊ စီးသောသူသည် ငြိမ်သက်ခြင်းကို မြေကြီးသာ ရုပ်သိမ်းခြင်းငှာ လည်းကောင်း ... ဝေးချင်းချင်း တယောက်ကိုတယောက် သတ်ဖြတ်ခြင်းငှာ လည်းကောင်း စေခွင့်ရှိ၏၊၊</u>

သို့ဆိုလျှင် သွေးချောင်းစီးစေခြင်းကို ဖော်ပြထားသည်။ အချင်းချင်း အနိုင်ကျင့်၊ လုယက်၊ နှိပ်စက် ၊ မညီမညွတ်၊ ရန်ရှင်းဆန့်ကျင်ဖြစ်သော အချင်းအရာများကို ဆိုလိုသည်။ ထိုအမှုများ ကမ္ဘာအနှံ့အပြား၌ ဖြစ်လျက်ရှိသည်။ ခရစ်တော်ကို လက်မခံသူများအကြား၌သာ ဆိုဘွယ်ရာမရှိ။ အသင်းသား များပြားလှသည်။

ခရစ်တော်ကို ရပါလျက် လက်တော်အောက်၌ အသက်မရှင်သော ယုံကြည်သူများ၌ပင် ထိုအဆီးအတားတော်များ၏ ဓါတ်ကွင်းနှင့်ငြိနေပါသေးသည်။ ဥပမာ ... မိသားစု မညီမညွတ်၊ မငြိမ်မသက်၊ မယုံကြည်သူများနှင့် အိမ်ထောင်ပြုခြင်းပြဿနာ၊ လုပ်ငန်းခွင်၌ ရန်သူ (သို့) အနိုင်ကျင့်သူရှိခြင်း၊ မျက်နှာသာ မရဘဲ၊ မျက်နှာငယ်ရခြင်း၊ မှစ၍ ကောင်းစားခြင်းမတွေ့ရသော အသက်တာ ၊ လိုင်းဂယက်၌ နစ်မြုပ်လုဆဲဖြစ်နေခြင်း စသည်တို့ဖြစ်သည်။

<u>ဗျာ ၆း၅-၆ မြင်းနက် ၊ စီးသောသူသည် ချိန်ခွင်တိုင်၏၊ ဒေနာရိတစ်ပြားနှင့် ဂျုံဆန်တစ်စွတ်တို့ရ၏၊၊</u>

ရှင်းပြရပါလျှင် မှောင်ခိုလောကသားတို့၏ စီးပွားရေးဈေးကွက် ချယ်လှယ်ခြင်း အေးသင့်ခြင်းဖြစ်သည်။ လုပ်သလောက်မစားနိုင်မရှိပါ၊ ပင်ပန်းဆင်းရဲစွာ ရှာဖွေ စားသောက်ရမည်။ စီးပွားရေး ကပ်ဆိုက်နေသည်။ ယနေ့ ဤအခြေအနေကို ကမ္ဘာပေါ်တွင် ထင်ရှားစွာတွေ့မြင်ခံစားနေရသည်။ စီးပွားရေးပြဿနာကြောင့် မိသားစု တကွဲတပြားနှင့် ရှာဖွေစားသောက်နေရသည်။ ညှိုးငယ်ပင်ပန်းဆင်းရဲစွာ ရှာဖွေလုပ်ကိုင်စားသောက်ရသည်။

သို့သော် မြော်လင့်ချက်ရှိနေသည်မှာ ...

" ဆီနှင့် စပျစ်ရည်ကို မပျက်စေနှင့်။ " ဟုဆိုပါသည်။ Do not damage the olive trees and the vineyard. ဟုဆို၏။ သံလွင်နှင့် စပျစ် သည် ကျမ်းစာအရဆိုလျှင် ဝိညာဉ်တော်နှင့်ဆိုင်သော သင်္ကေတဖြစ်သည်။ ဤအချက်ကြောင့် ခရစ်တော်ကို ယုံသော ကယ်တင်ရှင်အဖြစ် လက်ခံသောသူ၏ အသက်တာ၌ ပေါင်းပါးခြင်းအားကို မြင်နေရသော်လည်း၊ ခမ်းခြောက်မှုကို ခံစားရမည် မဟုတ်ဟု ကတိတော်ရှိယားပါသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဖင်၊ | အောင် | သက် | လွှင် | ဒီ | စဉ် | ထုတ် | ဝေ | သည် |

သင့်စကား ၂-၁၄

မိမိတို့ကိုယ်တိုင်က ဤကတိတော်ကို မယုံလျှင် ကောင်းစားခြင်းကို မခံစားရပါ။ တော ၁၃း၁-၃၃ ။ ယုံလျှင် ဘုရားရှင်လုပ်ဆောင်သမျှ အမှန်တကယ် ခံစားရမည်။ ယုံလျှင်မြင်ရပါမည်။ ယော ၁၁း၄၀။ မိမိ၌ ခံစားရရှိသမျှ ကောင်းစားခြင်းသည်။ ဘုရားရှင် ပေးအပ်ကြောင်းသိ၍ ဆယ်ဖို့တစ်ဖို့မှစပြီး ဘုရားရှင်သတ်မှတ်သမျှ ပေးကမ်းခြင်းများ၌ တွန့်တိုခြင်းမရှိသူအတွက် ကောင်းချီးခွက်ဖလား လျှံလိမ့်မည်။ ခေါင်းပါးခြင်းသည် ထိုသူ၏ အိမ်ထောင်ပေါ်သို့ မကျရောက်ပါ။

ဗျာ ၆း၇-၈ ဖြင်းဖွဲ့ ၊ စီးသောသူသည် မရဏာ ဟူသောအမည်ရှိ၏၊ ထိုသူသည် မြေကြီး လေးစိတ်တစ်စိတ်ကို စိုးရ၍ ဓားဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး၊ မြေသားရဲဘေးဖြင့် သတ်ဖိုင်ခွင့်ရ၏။

သို့ဖြစ်၍ ယနေ့ မွတ်သိပ်တော်ပြတ်ခြင်းဘေးဒဏ်သည် ကမ္ဘာမြေကြီး၏ လေးပုံတစ်ပုံမန့်တွင် ဖြစ်ပေါ်လျှက်ရှိသည်။ သေနာရောဂါမျိုးစုံဖြင့်လည်း (ကပ်ရောဂါ) သေကြ၏။ သွေးသံရဲရဲသတ်ဖြတ်ပွဲများဖြင့်လည်း သေ၏။ တောတိရိစ္ဆာန် ကိုက်သတ်၍လည်း သေ၏။ ခရစ်တော်ကို ရရှိလက်ခံခြင်းမပြုသူတို့ ခံစားရသည့် ဘေးဒဏ်အဆီးအတားများသည်။ ယုံကြည်သူတို့အတွက်မဟုတ်ပါ။ သို့သော် ပြဿနာရေ့တွင် တန်မိုးမဲ့ အညှဲခံနေရလျှင်။ (သို့) မပျောက်နိုင်သော ရောဂါဖြင့် အသက်တိုသော မိသားစုများ ရှိနေလျှင်။ (သို့) ယုံကြည်သူဖြစ်ပါလျှက်၊ အမှုတော်ဆောင်ဖြစ်ပါလျှက်၊ ရုတ်တရက် သေပဘားသင့်ပါလျှင် အသက်ပါ အဆီး အတားတော်များကြောင့် ဘုန်းနာမတော် ထင်ရှားစေမည့် အိမ်ထောင်အဖြစ် မရပ်တည်နေနိုင်လျှင် မိမိနှင့်တကွ မိသားစုများ၏ အသက်တာ၌ ခရစ်တော်ဘုရား အမှန်တကယ် အုပ်စိုးပါရဲ့လား။ (တနည်း) လူသစ်ဖြစ်ပြီလား။ ( ၂ကော ၅း၁၇ )။ စသည့်အချက်များကို စစ်ဆေးပါ။

သို့မဟုတ်လျှင် ... ...

ကျွန်ုပ်တို့ဘိုးဘေးများသည်။ ဘုရားနှင့် ဆန့်ကျင်ခဲ့သူများ။ ( ရုပ်တုကိုးကွယ်သူများဖြစ်ရာ ) အဆီးအတားတော်၏ လက်အောက်၌ ကျိန်ခြင်း အမင်္ဂလာများကျရောက်ခဲ့ပြီးကြောင်းသိပါ။ ( တရား ၂၈း ၁၅ ) ထို အကျိန်ကို ယနေ့ ခံနေရခြင်းဖြစ်၍ ယေရှုဘုရားနာမ၌ ဖြတ်တောက်၊ ဖယ်ရှား၊ ရှင်းလင်း၊ ချေဖျက်၍ ကြွေးကြော်ပါလေ။

ယုံ၍ နှုတ်မှ ဝန်ခံပါလျှင် ကယ်တင်ခံရပေပြီ။

ဘုရားရှင်သည် တရားသောဘုရားဖြစ်သည်၊ နှုတ်တော်ထွက်မှန်သမျှ အတည်ပြုပြီးဖြစ်သည်။ အာဏာတော်သည် ကမ္ဘာအဆက်ဆက်တည်ပါသည်။ ပြစ်မှားသော လူသားကို ချစ်တတ်လွန်းသောဘုရားသည် အပြစ်ကို မရှုစ်ပါ။(၁ယော ၄း၈ )။ ကျွန်ုပ်တို့နှင့် တကွ ဘိုးဘေးတို့၏ အပြစ်ကြောင့်ခံစားရသမျှ ချေဖျက်နိုင်ရန် အရှင်ယေရှုကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ယေရှုနာမ၌ ကျွန်ုပ်တို့သည်ခပ်သိမ်းသော အမှုကိုတက်စွမ်းနိုင်သည်။ ( ဖိ ၄း၁၃)။ ကောင်းစားခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းများကို ရယူပြီဟု ယေရှုနာမ၌ ကြွေးကြော်ပါ။ ယုံလျှင်မြင်မည်။ ( ယော ၁၁း၄၀ )။ မမြင်ခင်က မြော်လင့်၍ ယုံပြီဟု ဝန်ခံပါ။ (ဟေဗြဲ ၁၁း၁ )

ယုံကြည်သူများ၏ ကောင်းစားခြင်းသည် ယေရှု၏ သက်သေများအဖြစ် နာမတော်အတွက် အစေခံရန်သာဖြစ်သည်။ ကျွန်ုပ်တို့သည် ချည်နှောင်ခြင်းမှ လွှတ်မြောက်ခဲ့ပြီးသူများဖြစ်သည်။ အရှင်ယေရှုကို ယုံသူအ တွက် ရပြီးသော လွှတ်မြောက်ခြင်း ၅ ရပ်မှာ ... ...

(က) ဝိညာဉ် လွှတ်မြောက်ခြင်း ( ငရဲမကျတော့ပါ)

(ခ) ခန္ဓာ လွှတ်မြောက်ခြင်း ( ရောဂါ၊ အနာ )

(ဂ) စိတ် လွှတ်မြောက်ခြင်း ( နတ်ဆိုးစွဲခြင်း၊ ရူးသွပ်ခြင်း )

(ဃ) နတ်ဆိုး၊ ဝိညာဉ်ဆိုး ပူးစားခြင်းမှ ကင်းလွှတ်ခြင်း။

(င) ဥစ္စာပစ္စည်း ဆုံးရှုံးပျက်ဆီးခြင်းဘေးမှ ကင်းလွှတ်ခြင်း ။

ယနေ့ အထက်ပါအတိုင်း လွှတ်မြောက်မှု မရသေးသူများဖြစ်နေလျှင် ယနေ့ပင်စစ်ကြော့ပါ။ အဆီးအတားတော်များ ဘေးဒဏ်ကြုံနေရသောသူများကို လက်တော်အောက်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် တာဝန်ရှိသူများဖြစ်ပါလျှက် စက်ကွင်းမလွှတ်သေးဘဲ အခက်ကြုံနေရပါလျှင် ပြန်၍ ဆင်ခြင်ပြုပြင်ပါ။ မိတ်ဆွေတို့ ...

**စန်းစန်းမြင့် ( စင်ကာပူ )**

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

# ဂုဏ်ကျွင်းသက်သေ

ကျွန်မ ငယ်ငယ်က လေးတန်းလောက်မှာ ချောင်းထဲ ရေနစ်ဖူးတယ်။ ရေနစ်နေတဲ့ အချိန်မှာ " ငါ အခုသေသွားရင် ဘယ်သွားမလဲ " လို့ စဉ်းစားခဲ့ဖူးတယ်။

နောက်တော့ မေ့မေ့ပျောက်ပျောက်ပါဘဲ။

ဒါပေမယ့် ... ကျွန်မ ဆယ်တန်းအောင်တဲ့နှစ်မှာ တရားဟောဆရာ နှစ်ပါးနဲ့တွေ့တော့ သူတို့က မေးတယ် ...

"သမီး ကယ်တင်ခြင်း ရပြီလား"တဲ့

ကျွန်မက ငယ်ငယ်ကတည်းက ခရစ်ယာန် ဖြစ်ခဲ့တဲ့သူပါ။

ကျွန်မ အဲဒီမေးခွန်းကို ဖြေဖို့ တော်တော် စဉ်းစားရ ခက်တယ်။

နောက်ဆုံး ကျွန်မ ဖြေလိုက်တဲ့ အဖြေက ...

" ကြိုးစားတုန်းဘဲ "

လို့ဖြေလိုက်တယ်။ ဆရာကပြောတယ်၊ *" သမီး ကယ်တင်ခြင်းဆိုတာ ကြိုးစားလို့ မရဘူး "* လို့ ကျွန်မကို ရှင်းပြတယ်။

ကျေးဇူးတော်ကြောင့် ကျွန်မ ကယ်တင်ခြင်း စိတ်ချမှု သင်တန်းကို ၁၉၉၄ ခုနှစ်မှာ တက်ခဲ့ရတယ်။

အဲဒီမှာ ရှင်ယောဟန် ၅း၂၄ နဲ့ ဧဖက် ၂း၈-၉ ကျမ်းပိုဒ်များအားဖြင့် ကျွန်မဟာ တကယ်ဘဲ ...

**ယုံကြည်ခြင်း** အားဖြင့် **ကျေးဇူးတော်** ကြောင့်

ကယ်တင်ခြင်း စိတ်ချမှုကို အသေအချာ ရခဲ့ပါတယ်။။

**( အားရှောင် )**

သင်္ခကာ: ၃-၁၄

# ညစာစားပွဲ ---- ပိတ်ကြားစာ

နော်အေမီထွန်း

" သိပ်ချစ်ရပါလား၊ ကိုးကိုရယ် " ရင်ထဲက ပွင့်ထွက်လာတဲ့ စကားလုံးတွေပဲ ဖြစ်ပါတယ်။ ကျွန်မ ရင်ခုန်ခြင်းများစွာနဲ့ "ချစ်တယ်" လို့ အဖြေပေးလိုက်တော့ "ကိုးကို" လို့ မြတ်မြတ်နိုးနိုးခေါ်တဲ့ ကျွန်မရဲ့ ချစ်သူက သူနဲ့အတူ ညစာစားပွဲ တက်ရောက်ဖို့ ဖိတ်စာတစ်စောင်ကမ်းပေးပါတယ်။ အဲဒီဖိတ်စာကို သေသေချာချာကြည့်လိုက်တော့ သာမန်ညစာစားပွဲ မဟုတ်ဘဲ၊ သူနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတစ်ခုရဲ့ "ရွှေရတုသဘင် ညစာစားပွဲ" ဆိုတာသိလိုက်ရတယ်။ " ဘာလဲ ... သူ့ကို အခုမှ အဖြေပေးလိုက်ရုံရှိသေးတယ်၊ စောစောစီးစီး ပွဲထုတ်ပြမလို့လား " ဆိုပြီးခပ်စွဲစွဲလေး ရန်တွေ့လိုက်အုံးမယ်၊ ကျွန်မရဲ့ ရင်ထဲမှာတော့ ပျော်ရွှင်မှု လှိုင်းဂယက်တွေကြောင့် ချစ်သူရဲ့ အပါးက ထွက်မပြေးရုံလေတာမယ်၊ ပီတိမျက်ရည်လေးများပေ မျက်လုံးအိမ်ထဲမှာ တားဆီးလို့မရ စီးဆင်းလို့လာပါတော့တယ်။

တနင်္ဂနွေခန့်မျှ ကိုယ်လုံးပေါ်မှန်ရှေ့မှာ သေသေချာချာ မတ်တတ်ရပ်ကာ နဖူးမှစ၊ မျက်စိမျက်နှာတစ်ခုလုံး လည်တိုင်၊ ရင်၊ ခါး၊ ခြေချောင်းလက်ချောင်းလေးတွေပါမကျန် စစ်ဆေးကြည့်လိုက်တော့ ကျွန်မရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ချစ်စရာ အလှအပဆိုလို့ မြူမှုန်တစ်မှုန်လောက်တောင် ရှာလို့မတွေ့ပါလား။ မိဘတွေက ကျွန်မကို ငယ်ငယ်ကတည်းက "ရုပ်ဆိုးလေး" လို့ခေါ်လေ့ရှိတယ်။ ကျွန်မရဲ့ အစ်မနှစ်ယောက်နဲ့ စာလိုက်ရင် ကျွန်မကို အကျည်းတန်တယ်လို့ လူတွေက ပြောလေ့ရှိတယ်။ အဲဒီလို အကျည်းတန်တဲ့ ကျွန်မကို "သိပ်ချစ်တာဘဲလို့ " ပြောလာတဲ့ ချစ်သူရဲ့ မေတ္တာစကားကြောင့် အကျည်းတန်တဲ့ ကျွန်မရဲ့ အင်္ဂါအလယ်အားလုံးကို ချစ်စရာလေးတွေအဖြစ် မြင်လာခဲ့တယ်။

ချစ်သူရဲ့ နိုင်မာတဲ့ အချစ်မေတ္တာ Love ဟာ ...


• L ဆိုတဲ့ Leader ( ကျွန်မရဲ့ ဘဝအားနည်းခြင်း၊ မပြည့်စုံခြင်း အလုံးစုံအတွက်၊ အားသာမှုပေးကာ အစဉ်ဖေးကူမဲ့ အချစ် ခရီးခေါင်းဆောင် )

• ကျွန်မကို ပျော်ရွှင်မှုနှင့်ပြည့်ဝစေဖို့ အမြဲတစေ ချစ်အမိန့်လေးများ နာခံပေးတဲ့ O ဆိုတဲ့ Obedient ၊

• စစ်မှန်တဲ့ မေတ္တာ V ဆိုတဲ့ Veracity တနည်းအားဖြင့် Truthfulness ။

• ထာဝရပျော်ရွှင်ကြည်နူးစေမဲ့ E ဆိုတဲ့ Exhilaration ( ပျော်ရွှင်ဝမ်းမြောက်ခြင်း ) ကိုပေးနိုင်တဲ့ အချစ်တွေဖြစ်တယ်။

ချစ်သူရဲ့ အချစ်တွေကို စဉ်းစားမိလေလေ၊ ကျွန်မပိုပြီး နှမြောလန်းဆန်းလာလေလေပါဘဲ။ " ချစ်တယ်" လို့ ပါးစပ်က ခပ်ပေါ့ပေါ့ ပြောတတ်ကြတဲ့ အမျိုးသားတွေထဲမှာမှ ရှာမှ



ရှားတဲ့ ယောကျ်ားမြတ်တပါး အပါအဝင် ရိုးသားတည်ကြည်မဲ့ ကျွန်မရဲ့ ချစ်သူဟာ အပြောသာမက အမှန်တကယ်လက်တွေ့ ချစ်မဲ့သူမို့ ကျေးဇူးတော်ရှိုးမွမ်းရင်း သူနှင့်အတူ ညစာစားပွဲတက်ရောက်ဖို့ အလှဆုံးဖြစ်အောင် ပြင်ဆင်မိပါတော့တယ်။

ကြည်နူးမှုအတွေးကမ္ဘာထဲဝင်ဖို့ ကျွန်မ အိပ်ယာထက် လှဲလိုက်ပြီး အနားယူမယ်လုပ်တော့ အိပ်ရှေ့က ခေါင်းလောင်းမြည်သံကြားလိုက်ရပါတယ်။ အိပ်ချင်မူးတူးနဲ့ ဖွင့်ကြည့်လိုက်တော့၊ ခင်မင်ရင်းနှီးတဲ့ အစ်မတစ်ယောက်က ကျွန်မကို စာတစ်စောင်ကမ်းပေးပါတယ်။ "ဘာစာလဲ" လို့ မမေးခင်မှာ အဲဒီအစ်မက " စောစောတုံးက ညီမရဲ့ ချစ်သူ ဆိုတဲ့သူက လာပေးသွားတယ်။ ညီမကို အိမ်မှာ လူတစ်ယောက်မှ မတွေ့လို့ အစ်မကို ပီစာပေးသွားခဲ့တာ၊ ညစာစားပွဲဖိတ်ကြားစာတဲ့ ဆက်ဆက်လာခဲ့ဖို့လည်း မှာသွားတယ်။ ၊ အစ်မအတွက်လည်း စာတစ်စောင် ပေးသွားတယ်။ ဟောဒီမှာ ... " ကျွန်မ ဝေါသထွက်သွားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နေ့ခင်းကပြောတော့ ကျွန်မနဲ့ သူနဲ့ နှစ်ယောက်တည်းသွားမှာဆိုပြီး အခု ဒီအစ်မကိုပါ ဖိတ်ထားသေးတယ်။ သူ့ကို ကြီးရှည်ရှည်လွှတ်ထားတယ်ဆိုပြီး တွေ့ရာမိန်းကလေးတိုင်းကို ... "တောက် ..." ကျွန်မဒေါသကို ထိုအစ်မက ထိန်းချုပ်ပေးလိုက်တန်ဖြင့်၊ "ညီမ ကလဲ ဒေါသကြီးဘဲ၊ ညီမမိတ်ဆက်ပေးလို့ အစ်မက ညီမရဲ့ ချစ်သူနဲ့ သိခွင့်ရခဲ့တာလေ။ ညီမပြောတော့ ညီမရဲ့

ချစ်သူက လူသားတိုင်းကို တပြေးညီချစ်တတ်တယ်ဆိုတော့ အူတိုဖို့ မလိုဘူးထင်တယ်နော့။ ညီမအချိန်ရရင် သူ့ရဲ့ မေတ္တာအကြောင်း ထပ်ပြောပြပါလားဟင် ” လို့ သူမပြောလိုက်တော့ ကျွန်မ ရှက်ကိုးရှက်ကန်းနဲ့ “ ဟုတ်၊ မဟုတ်ရပါဘူး အစ်မရယ်၊ ကျွန်မ အိပ်ချင်မှုးတူးဖြစ်နေလို့ပါ။ ” လို့ပြောပြီး ကျွန်မလက်ခံရရှိတဲ့ ညစာစားပွဲ ဖိတ်ကြားစာဟာ၊ လူသားအားလုံးအတွက် သခင်ခရစ်တော်ထံမှလာသော ဖိတ်စာဖြစ်ကြောင်း ကျွန်မသိလိုက်ရသလို တဆက်တည်းမှာဘဲ၊ ကျွန်မရဲ့ အခင်မင်ဆုံး မယုံကြည်သူအစ်မအား ထိုချစ်သူရဲ့ မေတ္တာတော် Love ဟာ ကျွန်မတို့ လူသားအားလုံးအတွက် ...

## L ( Light) အလင်း

မိုက်မှောင်နေတဲ့ ကျွန်မတို့ရဲ့ နေ့ရက်များ၊ အသိတရားနဲ့ နှလုံးသားကို ထိုချစ်သူရဲ့ မေတ္တာတော် အလင်းအားဖြင့် -

**ဆာလံ ၁၁၉း ၁၀၅ နှုတ်ကပါတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။**

**ဆာကံ ၂၇း ၁-၂ ထာဝရဘုရားသည် ငါ၏ အလင်း၊ ငါ့ကို ကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကို ကြောက်ရအံ့နည်း။**

**ဟေရှာယ ၆၀း၁ သင်ထလော့၊ လင်းလော့။ သင်၏ အလင်းရောက်လာပြီ။ ထာဝရဘုရား၏ ဘုန်းတော်သည် သင်၏ အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။**

**ယောဟန် ၈း၁၂ ငါသည် ဤလောက၏ အလင်းဖြစ်၏။**

## O ( Oasis) ဝမ်းတွင်း

ပူဇွေးသောကရောက်နေတဲ့ ကျွန်မတို့၏နေ့ရက်၊ အားငယ် ညည်းတွား၊ ဆုံးရှုံးကြေကွဲမှုကို ရင်ဆိုင်နေရတဲ့ ကျွန်မတို့ရဲ့ ကျိုးပဲ့ကြေမွတဲ့ နှလုံးသားအတွက် ထိုချစ်သူ၏ မေတ္တာ အိုအေစစ် က ...

*** ပင်ပန်း၍ ဝန်လေးသောသူအပေါင်းတို့ ငါ့ထံသို့ လာကြလော့၊ ငါသည် ချမ်းသာပေးမည်။ မဿဲ ၁၁း ၂၈**

*** အိုရေငတ်သောသူအပေါင်းတို့ ရေရှိရာသို့လာကြလော့။ ဟေရှာယ ၅၅း၁**

*** ငါပေးသောရေကို သောက်သောသူ မည်သည်ကား ရေငတ်ခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ယောဟန် ၄း၁၄**

## V ( Victory ) အောင်မြင်ခြင်း

ကျွန်မတို့၏ နေ့စဉ်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းနေရသော အခက်အခဲပြဿနာပေါင်းစုံကို ကိုယ်တော့် လက်ထဲ သို့ အပ်နှံလျှင် အောင်မြင်ခြင်းအခွင့်ကို ပေးတဲ့ သူ့ရဲ့ မေတ္တာက ...

*** ငါသည် ကျဉ်းမြောင်းရာထဲက ထာဝရဘုရားကို ခေါ်၍ ထာဝရဘုရားသည် ကျယ်ဝန်းသော အရပ်ထဲသို့ သွင်းတော် မူ၏။ ဆာလံ ၁၁၈း ၅**

*** ငါ့ကို အမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှာ ဤစကားကို ငါဟောပြောပြီ။ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း စိုးရိမ်ခြင်းနှင့်၊ ငါသည် လောကကိုအောင်ပြီဟု မိန့်တော်မူ၏။ ယောဟန် ၁၆း၃၃**

*** ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံ၍ပင် အလွန်သဖြင့် အောင်မြင်ကြ၏။ ရောမ ၈း၃၇**

## E ( Eternal life ) ထာဝရ အသက်

ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲနေတော်မူသည့် အတွက် ကုန်လွန်ခဲ့သောနေ့ရက်များစွာထဲမှ ပို့ဆောင်လမ်းပြခဲ့တဲ့ ကျေးဇူးတော်သာမက ကျွန်မတို့ ရုပ်ခန္ဓာ သေလွန် ပြီးနောက် ခရစ်တော်နှင့်အတူ ထာဝရ အသက်ရှင်ခွင့်တည်းဟူသော ထာဝရအသက်ကို ပေးအပ်မှာဖြစ်ပါ တယ်။

*** ဓမ္မ ၂း၆ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။**

***၁ယော ၅း၁၃ ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသင်တို့သည်၊ ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှာ ဤအရာများ ကို သင်တို့အား ငါရေး၍ ပေးလိုက်၏။**

*** ယောဟန် ၅း၃၉ ကျမ်းစာအားဖြင့် ထာဝရ အသက်ကို ရမည်ဟု မှတ်ယင်နှင့် သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏ သက်သေဖြစ်၏။**

ကျွန်မ တက်သလောက် မှတ်သ လောက်နဲ့ ဝေငှလို့အပြီးမှာ အစ်မက ပီတိမျက် နာနှင့် ကျေးဇူးစကားပြောပြီး ထွက်သွားပါတော့ တယ်။ မသွားခင် ဗိညစာစားပွဲကို ဆက်ဆက် လာခဲ့ဖို့ မှာလိုက်ရပါသေးတယ်။

ချစ်သော မိတ်ဆွေ ... ပညာရှိ သတို့ သမီး ငါးယောက် ( မဿဲ ၂၅ ) လို သခင် ခရစ်တော်နှင့်အတူ ညစာစားပွဲတက်ရောက်ဖို့ အဆင်သင့်ရှိပြီလား။ သမ္မာကျမ်းစာကို မှန်တစ် ချပ်လို ပမာထားပြီး ဖတ်ရှုဆင်ခြင်သော် ကျွန်တော်၊ ကျွန်မတို့၏ အရုပ်ဆိုး အကျည်းတန် မှုများ၊ ခွင့်မလွှတ်နိုင်လောက်အောင် ညစ်ပေနေ တဲ့ အပြစ်တွေနဲ့ လွှမ်းခြုံနေတာကိုမြင်ရပါ လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်၊ ကျွန်မတို့အား တဖက်သတ် အနန္တ မေတ္တာဖြင့် ချစ်တော်မူတဲ့ ချစ်သူ သခင်ယေရှုခရစ်တော်ရဲ့ မေတ္တာဟာ သင့်ရဲ့ ရုပ်ရည်၊ မပြည့်စုံမှု အလုံးစုံကို လျစ်လျူရှုသလို သင်လွန်ကျူးခဲ့တဲ့ အပြစ်အားလုံးအတွက် အသွေးသွန်းရလောက်အောင် ခွင့်လွှတ်ချစ်ခဲ့ပါ တယ်။ သူ့ရဲ့ အချစ်တွေကို စဉ်းစားလေလေ၊ သင်ပိုပြီး ဝမ်းမြောက်ရွှင်လန်းလေလေ ဖြစ်လာပါ လိမ့်မယ်။

သူ့ရဲ့ မေတ္တာရိပ်အောက်မှာနိုလှူရင်း တဒင်္ဂ ပျော်ရွှင်မှုကိုသာ ပေးနိုင်တဲ့ လောကလူ့ရွာ ပြေကြီးအရာများရဲ့ ဆွဲငင်မှုကို ဖယ်ရှားကာ သူနဲ့ အတူ ညစာစားပွဲ တက်ရောက်နိုင်ဖို့အတွက် နှလုံးသားကို အလှဆုံးဖြစ်အောင် ပြင်ဆင်ကြစို့လား။ ထို့ထက်မက ကိုယ်တော်ရဲ့ မေတ္တာနဲ့ ကယ်တင် ခြင်းအကြောင်း မသိသေးတဲ့ ကိုယ်နဲ့ စပ်ဆိုင်တဲ့ အပေါင်းအဖော် များကိုပါ သက်သေခံဝေငှကာ သခင့်ရဲ့ ညစာစားပွဲဖိတ်ကြားစာကို အချိန်ရှိတုန်း လက်ဆင့်ကမ်းပေးလိုက်ရုံမက လက်ချင်းတွဲခေါ်လို့ ဝမ်းမြောက်ပျော်ရွှင်စွာ တက်ရောက် ကြစို့နော်။ ။


ခရစ်တော်၌

**နော်အေးမီထွန်း ( Grace family )**

0000000000000000000000000000000000000000000000000000000000000



သဉ္စာအား ၅-၁၄



သက်သေခံချက်

# ကျွန်မရဲ့အဖိုး

ကျွန်မရဲ့ အဖိုးဟာ ဆရာဝန်ကြီး တစ်ယောက် ဖြစ်ပါတယ်။ လူများအပေါ်မှာ အလွန် စိတ်ရှည်ပြီးတော့ အသေးစိတ် ကုသပေးတတ်တဲ့ သူဖြစ်ပါတယ်။ လွန်ခဲ့သော ၁၉၈၀ ခုနှစ်ကျော် ပတ်ဝန်းကျင် (ကျွန်မ မှတ်မိစအရွယ်) ကတည်းက အဖိုးဟာ မြစ်ကြီးနားမြို့မှာ ဆေးခန်းလေး ဖွင့်ထားပါတယ်။ သူ့ရဲ့ လူနာတွေဟာ များသော အားဖြင့် မြို့ထဲက လူတွေမဟုတ်ဘဲ၊ အခြားရွာက လာတဲ့ သူများဖြစ်ပါတယ်။ လူနာတွေဟာ ဆေးခန်း လာပြတဲ့အခါ အဲဒီအချိန်တုံးက နွားလှည်းနဲ့ လာလေ့ ရှိပါတယ်။ ဆေးခန်းရှေ့မှာ နွားလှည်းတွေကိုရပ်ထားပြီး လူနာတွေဟာ ဆေးခန်းထဲမှာ ထိုင်စောင့်နေကြ ပါတယ်။ ကျွန်မအဖိုးဟာ လူနာတစ်ယောက်ကို စစ်ဆေး ကုသပေးရင် အလွန်ကြာတတ်ပါတယ်။ ဒါ့ကြောင့် ကျွန်မအဖိုးဟာ သူတို့ရွာအပြန် နောက်ကျမှာ စိုးတဲ့အတွက် တခြားဆေးခန်းမှာ သွားပြဖို့ သူ့လူနာကို ပြောပါတယ်။ အဲဒီအခါမှာ လူနာက 'ဆရာ့ဆီမှာဘဲ ပြချင်ပါတယ်။ ဆရာနဲ့ ကုရမယ်ဆိုတဲ့စိတ်က ကျွန်တော့်ရောဂါကို တစ်ဝက် သက်သာစေပါတယ်' လို့ပြန်ပြောပါတယ်။ ကျွန်မ အဖိုးဟာ လူနာတွေရဲ့ ပြောစကားတွေကို သေသေ ချာချာ နားထောင်ပေးရုံတင်မကဘဲ ရောဂါ အခြေ အနေကိုပါ သေချာရှင်းပြလေ့ရှိပါတယ်။ ဒါ့ကြောင့် လည်း လူနာတွေက သူ့ကို နှစ်သက်တာဖြစ်မယ်လို့ ကျွန်မ ထင်ပါတယ်။

ကျွန်မအဖိုးရဲ့ ဆေးခန်းကကျဉ်းပြီး ပစ္စည်း များများ စားစားမရှိဘဲ သန့်ရှင်းတဲ့ နေရာလေး ဖြစ်ပါတယ်။ အဖိုးဟာ ဆေးခန်းကို စက်ဘီးနဲ့ လာလေ့ ရှိပါတယ်။ ဆေးခန်းကို ရောက်တာနဲ့ သန့်ရှင်းရေး လုပ်ပြီးတော့ ဆေးထိုးအပ်ပြုတ်ဖို့ မီးမွှေးပါတယ်။ တစ်နေ့လုံး မီးမပြတ်ဘဲ ဆေးထိုးအပ်တွေ ပြုတ်လေ့ ရှိပါတယ်။ ပြီးရင်တော့ သူ့ရဲ့ ဆေးကုသရေးလုပ်ငန်းကို စတင်ပါတော့တယ်။ တစ်ခါတစ်လေမှာ လူနာမပြတ် ရှိပြီးတော့ တစ်ခါတစ်ရံ တစ်နေ့လုံး လူနာမရှိတာမျိုး ကြုံရပါတယ်။ အဲဒီလိုမျိုး အားလပ်တဲ့အချိန်မှာ အဖိုး ဟာ စာဖတ်ရင်ဖတ်၊ မဖတ်ရင် သူ့ဆေးခန်း ဘေးက ဒိမ်ရှင်ကုလားနဲ့ စကားပြော၊ ဒါမှမဟုတ် သူ့မြေးတွေ ရှိရင် သူ့မြေးတွေနဲ့ စကားပြော၊ နောက်ဆုံး ဘာမှ လုပ်စရာမရှိရင် မှိုတက်နေတဲ့ ပိုက်ဆံတွေကို ရေနဲ့ ဆေးပြီး ဆေးထိုးအပ်ပြုတ်တဲ့ အိုးအဖုံးပေါ်မှာ ကင်နေ တတ်ပါတယ်၊ ကျွန်မအဖိုးဆီ လာတဲ့လူနာတွေဟာ များသောအားဖြင့် ဆင်းရဲနွမ်းပါးသော သူများ ဖြစ်ပါတယ်။ သူတို့ပေးတဲ့ ဆေးဖိုးဝါးတွေဟာ ဟောင်း နွမ်း ပြီး မှိုတက်နေတတ်ပါတယ်။

ကျွန်မ အဖိုးဟာ ဆေးကုသတဲ့အခါမှာ ကျ သင့်တဲ့အဖိုးအခကို ဘယ်တော့မှတောင်းလေ့မရှိပါဘူး။ လူနာကိုဘဲ 'ခင်ဗျားတို့ ကြိုက်သလောက်ပေးပါ' လို့ ပြောလေ့ရှိပါတယ်။ ငွေမတတ်နိုင်တဲ့သူများကိုလည်း အခမဲ့ကုပေးပါတယ်။ အဖိုးဟာ အသပြာဆရာဝန် မဟုတ်ဘဲ စေတနာဆရာဝန် ဖြစ်ခဲ့တဲ့အတွက် ကျွန်မ အလွန်ဘဲ လေးစားဂုဏ်ယူ ချစ်ခင်မိပါတယ်။ တစ်ခါက လူနာတစ်ယောက်လာပြီး ဆေးကုခံပါတယ်။ အားလုံး ပြီးစီးသွားတဲ့အခါမှာ အဖိုးက ထုံးစံအတိုင်း "ခင်ဗျား ကြိုက်သလောက် သာပေးပါ" လို့ ပြောလိုက်တဲ့ အခါမှာ သူက တစ်ကျပ်တန်တစ်ရွက်ဘဲ ထုတ်ပေး ပါတယ်။ အဲဒီတစ်နေ့လုံးမှာ အဖိုးရဲ့ဆေးခန်းဝင်ငွေဟာ အဲဒီတစ်ကျပ်ဘဲဖြစ်ပါတယ်။ အဖိုးဟာ 'ပီတိစားသူ' တစ်ယောက် ဆိုတာ ကျွန်မ အခုနားလည်ခဲ့ပါပြီ။

အဖိုးဟာသူ့အလုပ်နဲ့ သူ့လူနာတွေကို အလွန် တန်ဖိုးထားတဲ့ အကြောင်းနဲ့ ဘုရားသခင်ကို ချီးမွမ်းခြင်း အားကြီးကြောင်းကို သူ့အသက်အရွယ် ကြီးရင့်လာတဲ့အခါမှာ သိရှိရနဲ့ပါတယ်။ အဖိုးဟာ အသက်အရွယ် အတော်လေးထောက်လာတဲ့အခါမှာ သူ့မှတ်ဉာဏ်တွေဟာ ပျောက်ကွယ်ခဲ့ပါတယ်၊ သူဟာ ဘာကိုမှ မမှတ်မိတော့ပါဘူး၊ သူ့သားသမီး၊ မြေး၊ သူဘယ်ကို ရောက်နေလဲ ဆိုတာတွေကို မသိတော့ ပါဘူး။ သူ့အမျိုးသမီးကိုဘဲ ကောင်းကောင်း မှတ်မိ ပါတယ်။ ဒါပေမဲ့ သူစကားပြောတဲ့အခါတိုင်းမှာ သူ့ လူနာတွေ အကြောင်း၊ သူ့ဆေးရုံအကြောင်း ကိုသာ အများဆုံးပြောတတ်ပါတယ်။ အိပ်မက်ထဲမှာနေရင်းနဲ့ 'အခု လူနာသွားကြည့်ရမယ်' ဆိုပြီး ပြောတတ် ပါတယ်။ သူ့ရဲ့အတွင်းစိတ်ထဲမှာ သူ့အလုပ်နဲ့ သူ့ လူနာတွေကို အရမ်းအလေးထားခဲ့ကြောင်း အခု အချိန်မှာ သိသာနေပါတယ်။

နောက်တစ်ခုကတော့ ကျွန်မအဖိုးဟာ အချိန်တိုင်းနီးပါး သီချင်းဆိုနေတတ်ပါတယ်။ သီချင်း စာသားတွေ မရတော့ပေမဲ့ သံစဉ်တွေကို လုံးဝမမေ့ ပါဘူး။ ကျွန်မတို့ သီချင်းဆိုပြတဲ့အခါမှာ သူလည်း လိုက်ပြီးဆိုပါတယ်။ သူ့ရဲ့ နောက်ဆုံးအချိန်များ မှာတောင် သီချင်းတွေကို လိုက်ပြီးညည်းခဲ့ပါတယ်။ ချီးမွမ်းခြင်းအားကြီးသော ပအသက်တာကို ပြသခဲ့ ပါတယ်။


အခုအချိန်မှာ အဖိုးကို ကျွန်မ အရမ်း သတိရနေပါတယ်။ ဓမ္မသီချင်းတွေကို သီဆိုမိတဲ့ အချိန်တိုင်းမှာ ကျွန်မအဖိုးနဲ့အတူတူ သီဆိုခဲ့တာ တွေကို ပြန်သတိရနေပါတယ်။ များသောအားဖြင့် သူသီဆိုတတ်တဲ့သီချင်းက 'ကောင်းချီးရေတွက်ကျူး' ဖြစ်ပါတယ်။ သူ့ရဲ့ အသိဉာဏ် လျော့နည်း ပျောက် ကွယ်သွားတဲ့ အချိန်မှာတောင် သူ့ရဲ့အလုပ်ကို တန်ဖိုး ထားမှု၊ လူနာတွေအပေါ် ကရုဏာထားမှုတွေနဲ့ ချီးမွမ်း ခြင်းအားကြီးတဲ့ အသက်တာကို သူ့ရဲ့အပြုအမူ အပြော အဆိုတွေက သက်သေပြခဲ့ပါတယ်။

ကျွန်မလည်း ကျွန်မရဲ့ အသိဉာဏ်၊ ပိုင်ဆိုင် မှုအားလုံး ပျောက်ကွယ်သွားသည့် တိုင်အောင် ကိုယ် တော့်ကို ချီးမွမ်းခြင်းတည်းဟူသော ယဇ်ကို အသက် ဆုံးသည်အထိ ပူဇော်နိုင်ရပါမည့် အကြောင်း အဖ ဘုရားသခင် ထံမှာ တောင်းလျှောက်ထားပါတယ်။ အဖိုးကို သတိရလျက် ... အဖိုးရဲ့ မြေး -

[ ဂျူးဂျူ ]

# အောင်မြင်ရေး

ဝေဒချက်



ဧဖက် ၆း၁၂ ကို မူရင်းဂရိဘာသာဖြင့် ဖတ်ရှုလေ့လာသောအခါ မူရင်းအဓိပ္ပာယ်မှာ "ငါတို့အဖို့ ယှဉ်ပြိုင်တိုးသတ်သော နပန်းပွဲဟာ၊ အသွေးအသားရှိသော ရန်သူတို့နှင့် ထိုးသတ်နေရခြင်းမဟုတ်၊ ခန္ဓာကိုယ်ရှိသော လူများနှင့်လည်းမဟုတ် သို့သော်နယ်ပယ်အမျိုးမျိုးမှာ အဆင့်ဆင့်အာဏာစက်များဖြင့် အုပ်ချုပ်နေသော သူများ လောကမှောင်မိုက်ကမ္ဘာကို လွှမ်းမိုးအုပ်ချုပ်နေသော မိုးကောင်းကင်အောက်၌နေသော ကောက်ကျစ်သည့် နတ်ဆိုးများနှင့် ဆိုင်ပြိုင်တိုက်လှန် နေကြသည်" ဟုဆိုထားသည်။ ဆိုလိုရင်းမှာ ကမ္ဘာကိုစိုးမိုးချုပ်ကိုင် ချယ်လှယ် နေသည့် မှောင်မိုက်အင်အားစု၏ နိုင်ငံတော်ဌာနချုပ်သည်၊ အထက် ကောင်းကင်ယံ တွင်ရှိသည်။ စာတန်မာရ်နတ် သည် ထိုနိုင်ငံတော်၏ အကြီးအကဲဖြစ်သည်။ မဿဲ ၁၂း၂၄–၂၆ မှ ဗေလဇေဗုလ၏ အဓိပ္ပာယ်မှာ "မှုံသန်းနေသော အရာများ၏ အရှင်" ဖြစ်သည်။ ဧဖက် ၆း၁၂ အရ ထိုစစ်ညာဉ်တိုက်ပွဲတွင် ခရစ်ယာန်များအားလုံး ပါဝင်နေကြသည်။ သာသနာပြုဆရာ၊ သင်းအုပ်ဆရာ၊ ဧဝံဂေလိဆရာများသာမဟုတ်ပါ၊ ခရစ်ယာန်များအားလုံး ပါဝင်နေသည်ကို များစွာသော ခရစ်ယာန်တို့မသိကြပါ။

ဘုရားရှင်ကို ဆန့်ကျင်ပုန်ကန်သော လူစီဖါသည် ကောင်းကင်မှကျခဲ့သည်၊ လူစီဖါ စာတန်သည် ကောင်းကင်မှ နှင်ထုတ်ခံခဲ့ရသော်လည်း ဘုရားသခင်၏ ရှေ့တော်မှောက်တွင် ခံစားခွင့်ရနေပါသေးသည်။ (ယောဘ ၁း၆–၇) သူသည် ဘုရားရှင်၏ သားသမီးများကို အပြစ်တင်သော ရန်သူဖြစ်သည်။ (ဗျာဒိတ် ၁၂း၁၀–၁၂) ဘုရားရှင်နှင့် ယုံကြည်သူများ၏ ဆက်သွယ်မှုကိုတားဆီးသော အင်အားစုကိုဦးဆောင်သောသူမှာ စာတန်ဖြစ်သည်။ သူ့ကို

သခင့်စကား ၆-၁၄

တန်ခိုးပါသော ဆုတောင်းခြင်းဖြင့် အောင်မြင်နိုင်ပါသည်။ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်မည့် ယုံကြည်သူများကို စာတန်၏ အင်အားစုသည် အစဉ်အမြဲတိုက်ခိုက်နေသည်၊ အဓိကအားဖြင့် နှလုံးသားနယ်မြေကို ရှေဦးစွာ ထိုးဖောက်လေ့ရှိသည်။ ခရစ်တော် အုပ်စိုးသောနယ်မြေကို စာတန်မသိမ်းပိုက်စေရန် အစဉ်သတိရှိပါ။ အမှောင်ဖုံးလွှမ်းသော နယ်မြေ (ပျောက်ဆုံးဝိညာဉ်) များကို သိမ်းဆည်းရန် အစဉ် အသင့်ရှိရမည်။ ယုံကြည်သူများသည် အောက်ပါစစ်ဝတ်စုံများကို အသင့်ဝတ်ဆင်ထားပါ။

(၁) __သစ္စာခါးပန်း__ – – – ဟန်ဆောင်ပြောဆိုခြင်း လှည့်ဖျားသော အသက်တာနှင့် ကင်းစေပါ။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးမလုပ်ရ။

(၂) __ဖြောင့်မတ်ခြင်းတည်းဟူသောရင်ဖုံး__ – – –လူ့နှလုံးသားကို ကွယ်ကာသောအရာဖြစ်သည်။ ဘုရားရှင်ကို နက်နဲစွာ ချစ်ကြောက်ရိုသေသော အသက်တာဖြစ်သည်။ ယုံကြည်ခြင်းနှင့် ချစ်ခြင်းကို အဓိကပြုသည်။ (၁သက် ၅း၈၊ ဂလာ ၅း၆၊ ၁ကော ၁၃း၄-၈) အကျင့်ဖြင့် လာသော ယုံကြည်ခြင်းမဟုတ်၊ ခရစ်တော် အသေခံခြင်းမှ လာသော ယုံကြည်ခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာကြောင့် အမြဲပင် ယုံကြည်ကိုးစားလိမ့်မည်။ ယေရှုမေတ္တာဖြင့် နှလုံးသားကို လွှမ်းခြုံပါ။

(၃) __ခြေစေးသိတင်းကောင်းအလို့ငှာ ခြေနင်း__ – – – သမ္မာကျမ်းစာကို လေ့လာကျက်မှတ် လက်ဆင့်ကမ်း ဝေငှပါ။ မိမိကိုယ်တိုင်လည်း နှုတ်ကပါတ်တော်နှင့် ပြည့်ဝအသက်ရှင် သော ကြောင့် ငြိမ်သက်လျက် ဝမ်းမြောက်စွာ ဝေငှနိုင်ရန် အဆင်သင့်ဖြစ်နေပါ။

(၄) __ယုံကြည်ခြင်းတည်းဟူသောလွှား__ – – – ကျွန်ုပ်တို့၏ စိတ်ဓါတ်နှလုံးသား ခန္ဓာနှင့် ငွေကြေးကို တိုက် ခိုက်နိုင်ရန် အနီးဆုံးလူမှစ၍ ဝန်းကျင်ရှိ လူများ အားလုံးကို သုံးပြီး တိုက်ခိုက်မည်ကို ကြိုတင် သိထားပါ။ သံသယစကားလုံးများဖြင့် ပစ်ပေါက် ထိုးနှက်မည်။ စိတ်တွန့်တို၊ စေတနာပျက်၊ ဝမ်းနည်းရှုပ်ထွေး စေတတ်သည်။ ထို့ကြောင့် နှလုံးသားကို ဒိုင်းလွှားဖြင့် ကာထားပါ။ ရှုပ်ထွေး မှုများငြိမ်ကျသွားရန် နှုတ်ကပါတ်တော်ကိုသာ စူးစိုက်ယုံကြည်ပါ။ (ဟေဗြဲ ၁၁း၆)

(၅) __ကယ်တင်ခြင်း ဆံခမောက်__ – – – အကောင်း မြင်ဝါဒကို ဦးခေါင်းတွင် အမြဲသိုထားပါ။ နှုတ်ကပါတ်တော်ကို အလွတ်ကျက်မှတ်ထားပါ။ ခရစ်တော် အသေခံခဲ့ခြင်း ထမြောက်ခြင်း အားဖြင့် ရရှိထားပြီးသော တန်ခိုးအာဏာများကိုဦးခေါင်းတွင် သံမှိုစွဲထားခြင်းဖြင့် မယုံ သင်္ကာ၊ သံသယ၊ အားငယ်၊ တကိုယ်ကောင်း ဆန်သော အတွေးများလုံးဝ မဝင်စေရန် ကာကွယ်ထားပါ။ (ရောမ ၈း၂၄)

(၆) __ဝိညာဉ်တော်သည်းဟူသော ဓား__ – – –နှုတ်ကပါတ်တော်မြတ်သည် တန်ခိုးနှင့်ပြည့်ဖြိုး၍ သန့်လျက်တကာတို့ထက် အစွမ်းထက်သည်။ မိမိ၏ ဇာတိစိတ်များကို လည်း အမြစ်ဖြတ် ခုတ်သတ်နိုင်သည်။ စာတန်၏ ထိုးနှက်ချက်စကားလုံးများအားလုံး၊ လုပ်ရပ်မှန်သမျှကို ထိုဓားဖြင့် ခုတ်သတ် နိုင်စွမ်းရှိသည်။ (စင်မပေါ်တွင် တင်ထားသော ကျမ်းစာအုပ်ကို မဆိုလိုပါ) သင်၏နှုတ်မှ တိုက်ရိုက်ထွက်နေမှသာလျှင် ဝိညာဉ်တော်၏ ဓားဖြစ်လာမည်။ နှုတ်ကပါတ်တော်ကို သင်၏နှလုံးသားမှ စီးဆင်းစေပါ။

သတိပြုရန်။ ။ အကာအကွယ်မရှိသော နေရာ (ကျောပြင်) ဖြင့် စာတန်ကို နောက်ကျောလှည့်၍မပြေးပါနှင့် ။ သင့်နှုတ်မှ ရှုံးနိမ့်ကြောင်း၊ ဝန်ခံငြီးငွေ့ခြင်း၊ စိတ်ပျက်ခြင်း စကားလုံးများထုတ်ဖော်သည်နှင့် စာတန်ဘက်ကို နောက်ကျောလှည့်ထား ပေးပြီးသားဖြစ်သည်။ စာတန်သင့်ကို အနိုင်ယူဖို့ အခွင့်ရသွားမည်ကို အထူးသတိပြုပါ။

ဝန်ခံချက်။ ။ ဒေရက် ပရင်းစ် ၏ ဝိညာဉ်တိုက်ပွဲ မှ ကောက်နှုတ်တင်ပြသည်။

[ ဒေါ်လေး ဟန္ဒ ]

ooooooooooooooooooooooooooooooooooooooooooooooooooooooooo

# သခင့်စေရာ

နှင်းပုန်တိုင်းများ တိုက်ခတ်ကာ
လောကတစ်ခွင် အမှောင်ထု လွှမ်းခြုံနေတဲ့ည
ခရစ်တော်ရှင် ပေးတဲ့ အိမ်မက်ရူပါရုံကို မြင်ခဲ့ မိန့်တော်မူချက်ကို နာခံရင်း
သခင့်စေရာ ပြည်မြန်မာ တစ်ခွင်မှာ ခရစ်တော်နိုင်ငံ တည်ထောင်ရေးအတွက်
ဆရာကြီး ယုဒသန် ဇနီးမောင်နှံ ရွှန့်စား ဆက်ကပ်ခဲ့လေပြီ...

ပင်လယ် လှိုင်းတံပိုးများ ထန်နေ မိုးသက်လေပြင်းများ ကြားမှာ
မဟာရာတိမ် အမှောင်ထုနဲ့ ပြည့်နှက်ကာ၊ လမ်းစ ပျောက်လုလုအချိန်
မှုန်ဝါးဝါး ကြယ်အလင်းရောင်အောက်မှာ
ယုံကြည်ချက် မျှော်လင့်ချက်တွေကို ရင်မှာပိုက်ရင်း
မရေလျော့သောဇွဲ လုံ့လတွေနဲ့ ပင်လယ်လှိုင်း လေပြင်းများထဲမှာ
ကယ်တင်ခြင်း မီးအိမ်ကို မငြိမ်းတမ်း သယ်ဆောင်ရင်း
၁၈၁၃ ဇူလိုင်ရက်မြတ် တစ်ဆယ့်သုံး ဝဿန်မိုးဖွဲလေးများက ကြိုဆိုရင်း
သခင့်စေရာ ပြည်မြန်မာသို့ အရောက်လှမ်းခဲ့လေပြီ...

နက်ဝိညာဉ်ဆိုးများ ပြည့်နှက်ကာ
စာတန်မှောင်မိုက် တန်ခိုးများ လွှမ်းခြုံနေ
ဖန်ဆင်းခံလူ သန်းပေါင်းများစွာ လမ်းစပျောက်နေချိန်
အမှန်တရား ဝမ်းမြောက်ဖွယ်သတင်း
မမောတမ်း ဟောပြောနေရဲ့၊ ကယ်တင်ခြင်း ထာဝရအသက်
လူတိုင်းရရှိစေနိုင်ဖို့ ဝိညာဉ်ပျောက်များကို ရှာဖွေရင်း
သခင့်စေရာ ပြည်မြန်မာတခွင်အနှံ့ အရောက်ဟောကြားခဲ့လေပြီ...

ယေရှုရှလင် အဝင် ယေရှု မျက်ရည်ကျခဲ့ရ ပမာ
ဇနီးမောင်နှံ စီးကျခဲ့ရတဲ့ မျက်ရည်တွေ
ရင်းနှီးခဲ့ရ ဒုက္ခပေါ့ စီးကျခဲ့တဲ့ သွေးချွေးတွေ
သံသယအကြည့်များစွာ ညှဉ်းပန်းမှုတွေကို ကြံ့ကြံ့ခံရင်း
ကယ်တင်ခြင်း မျိုးစေ့ကို ကြဲကာ သစ္စာတည်စေခဲ့ပြီ
စာတန် ကျေးကျွန်ဘဝမှ ဘုရားသား ဖြစ်ခဲ့ကြရပြီ
သမ္မာကျမ်းစာ မီးရှူး အလင်းရခဲ့ကြပြီ
( ၁၈-၁၁-၁၈၃၇ သမ္မာကျမ်းစာ မြန်မာဘာသာ ပြန်ဆိုပြီး )
သခင့်စေရာ ပြည်မြန်မာအတွက် သစ္စာရှိသော ယုံသားကောင်းပမာ
အသက်ဆုံးတိုင် ဆက်ကပ်ခဲ့ရှာပြီ...

အားအင်တွေ ကုန်ခမ်း လုလုပေမဲ့
မျိုးခဲ့တဲ့ မျိုးစေ့လေး ရှင်သန်နေတာကိုကြည့်ရင်း
ရင်မှာပီတိ အပြုံးလေးတစ်ချက်နဲ့ အချိန်တန် အိမ်အပြန်လမ်းမှာ
ခေါင်းချစရာ နေရာပင် မရှိခဲ့ရှာ၊ ၁၈၅၀ ဧပြီ တစ်ဆယ့်နှစ်
ငြိမ်သက်နေတဲ့ သမုဒ္ဒရာ ရေပြင်ထက်
အဖရဲ့ ရင်ခွင်တော်မှာ ညင်သာစွာ အိပ်ပျော်သွားခဲ့
အဖရဲ့ အိမ်တော်ရာမှာ ထာဝရ စံမြန်းလျက်နေပြီ...

ပြင်းပြတဲ့ ဒုက္ခ ဝေဒနာတွေကြားမှာ ညှဉ်းပန်းမှုတွေကို ခံရင်း
ကြင်နာစွာ နှလုံးသားများနဲ့ အတူ ကယ်တင်ခြင်းတရား ဝေငှခဲ့တဲ့
ခရစ်တော်စေတမန် ဆရာကြီးယုဒသန် ဇနီးမောင်နှံ ဘယ်လို မေ့ရက်နိုင်မှာလဲ...
သူမျိုးခဲ့တဲ့ မျိုးစေ့တွေ ထာဝစဉ် စိမ်းလန်းလို့နေပြီ
သူထွန်းခဲ့တဲ့ အလင်းတိုင်တွေ ထာဝစဉ် ထွန်းလင်းကြစေမယ်
ပြန်လည်ပေးဆပ်ကြမယ် အချိန်တန်ပြီ
တို့များရဲ့ ပုခုံးပြောင်းတာဝန် ထမ်းရို့ကွယ် မနေးစတမ်း...
သခင့်ရဲ့ မိန့်ဆိုသံ ပဲ့တင်ထပ်ကာ နားရှိသောသူ မည်သည်ကား ကြားခဲ့ရပြီ
"စပါးရိတ်စရာ များစွာရှိ၏ ရိတ်သိမ်းသူတို့ နည်းကြ၏ "တဲ့
တို့များလေ အားအင်ဖြည့်ဖို့ ဆက်ကပ်ကြမယ် သခင့်အလိုတော်နဲ့ အညီ
သွားရို့ကွယ် သခင့်စေရာသို့ ... [ နွမ်ရှိုင် ]
( ယုဒသန်နေ့ ဂုဏ်ပြု အမှတ်တရ )